ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

(၂၆)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၇ ရက် )**

**[သောကြာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၂၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၂၀၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၁.၅၂)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၂၆)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား

လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ ၇-၇-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ အမရပူရမြို့နယ်သို့ ကွင်းဆင်းလေ့လာရေးခရီးဆောင်ရွက်ရန်။ ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကျန်းမာရေး။ ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကျောင်းဖွင့်ပွဲတက်ရောက်ရန်။ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအေးဗိုလ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နော်မြစေး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၇)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၁၂)ဦးဖြစ်ပါတယ်။ စုစုပေါင်းခွင့်ပန်ကြားသူ(၁၉)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၁၉)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်တွင် ကျူးကျော်နေထိုင်သူများ၊ ကြက်ဆူစီမံကိန်းကြောင့် နစ်နာရသူတချို့နှင့် အိမ်ရာမဲ့များအတွက် မြို့ကွက်သစ်၊ ကျေးရွာကွက်သစ် မြေနေရာများ သတ်မှတ်ချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ် က စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်တွင် ကျူးကျော်နေထိုင်သူများ၊ ကြက်ဆူစီမံကိန်းကြောင့် နစ်နာရသူ တချို့နှင့် အိမ်ရာမဲ့များအတွက် မြို့ကွက်သစ်၊ ကျေးရွာကွက်သစ် မြေနေရာများ သတ်မှတ်ချ ထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ တမူးမြို့နယ်ကို ကိုယ်စားပြုတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လတ် ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်မှာ ကျူးကျော်နေထိုင်သူများ၊ ကြက်ဆူစီမံကိန်းကြောင့် နစ်နာရသူတချို့နဲ့ အိမ်ရာမဲ့များအတွက် မြို့ကွက်သစ်၊ ကျေးရွာကွက်သစ်များ နေရာချထားပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်ဟာ မြန်မာနိုင်ငံရဲ့ အနောက်မြောက်ဘက်ဒေသမှာ တည်ရှိပြီးတော့ အိန္ဒိယ-မြန်မာနယ်စပ်မြို့ဖြစ်လို့ နယ်စပ်ကုန်သွယ်ရေးဆောင်ရွက်တဲ့ မြို့တစ်မြို့ ဖြစ်ပါတယ်။ ဖွံ့ဖြိုးမှု အလားအလာကောင်းတဲ့အတွက်ကြောင့် မြန်မာနိုင်ငံအရပ်ရပ်က ပြည်သူများ ရွှေ့ပြောင်းအခြေချ နေထိုင်ပြီး စီးပွားလုပ်ကိုင်ကြတဲ့အတွက် တစ်နှစ်ထက် တစ်နှစ် လူဦးရေ တိုးပွားလာပါတယ်။ နှစ်စဉ် တိုးပွားလာတဲ့ လူဦးရေနဲ့ အိမ်ထောင်စုတွေဟာ အစိုးရက စီမံခန့်ခွဲခွင့်ရှိတဲ့ မြေနေရာတွေပေါ်မှာ ခွင့်ပြုချက်မရှိဘဲ အိမ်ရာဆောက်လုပ် နေထိုင်ခဲ့ကြလို့ ကျူးကျော်နေထိုင်ခြင်း ပြဿနာနဲ့ ကြုံတွေ့နေရပါတယ်။ ဒီလိုမှမလုပ်ရင်လည်း သူတို့ဟာ နေထိုင်စရာ နေရာမရှိဘူးဖြစ်နေပါတယ်။ ဒါ့အပြင် တပ်မတော်အစိုးရခေတ်မှာ ကြက်ဆူစီမံကိန်းကာလက ဒေသခံအချို့ဟာ ရပ်ကွက်အုပ်ချုပ်ရေးမှူး အဖွဲ့တွေထံမှာ မြေတစ်ကွက်ကို ကျပ်(၂၅၀၀၀)၊ (၃၀၀၀၀)ပေးပြီး ကြက်ဆူ စိုက်ပျိုးခဲ့ကြရပါတယ်။ ကြက်ဆူစိုက်ပျိုးဖို့ မလိုတော့ဘူးဆိုတော့ တချို့က တောင်ယာစိုက်ပျိုးကြပါတယ်။ တချို့က နှစ်ရှည်ပင်တွေ စိုက်ပျိုးပြီးတော့ လုပ်ကိုင်နေထိုင်ခဲ့ကြပါတယ်။ တစ်ခါ ၂၀၁၄ ခုနှစ်မှာ မြို့ပြစီမံကိန်းကြောင့် အစိုးရက မြေတွေပြန်သိမ်းသွားလို့ နစ်နာရသူတွေ ရှိနေပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များပါဝင်တဲ့ တမူးခရိုင်၊ တမူးမြို့နယ်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီက အဲဒီ အမှုတွဲတွေကို ပြန်လည်စိစစ်တဲ့အခါမှာ

နစ်နာသူတွေအတွက် မြို့ကွက်သစ်ဖော်ထုတ်ရင် သင့်လျော်တဲ့ မြေအကျယ်အဝန်း သတ်မှတ်ပေးသင့်ကြောင်း အကြံပြုတိုက်တွန်းထားတာတွေလည်း ရှိနေပါတယ်။ အချို့ကို စော်ဘွားရပ်ကွက်(၁၁)မှာ နေရာချထားပေးပြီးလည်း ဖြစ်ပါတယ်။ တမူးမြို့နယ်၊ မင်းသာစံပြကျေးရွာ၊ ပန်းသာရွာ၊ ရန်ငြိမ်းအောင်ရွာတွေမှာလည်းပဲ တိုးပွားလာတဲ့ လူဦးရေ၊ အိမ်ထောင်စုတွေအတွက် အိမ်ရာကွက်အသစ်တွေ သတ်မှတ်ပေးဖို့ ရပ်မိရပ်ဖတွေ၊ အုပ်စုအုပ်ချုပ်ရေးအဖွဲ့တွေက မြို့နယ်စီမံခန့်ခွဲမှုအဖွဲ့ကို တင်ပြထားတာတွေလည်း ရှိနေပါတယ်။ တမူးမြို့ပေါ်မှာ ကျေးရွာတွေမှာပါ အိမ်ရာကွက်သစ်တွေ ဖော်ထုတ်သတ်မှတ်ပေးဖို့ အစိုးရက စီမံခန့်ခွဲခွင့်ရှိတဲ့ မြို့မြေ၊ ရွာမြေ မြေနေရာအသစ်တွေ အများအပြားရှိနေတာကိုလည်း လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြည်သူများနဲ့အတူ ကွင်းဆင်းလေ့လာပြီး တွေ့ရှိထားပြီး ဖြစ်ပါတယ်။

ဒါကြောင့် တမူးမြို့ပေါ်မှာရှိတဲ့ ကျူးကျော်နေထိုင်သူများ၊ ကြက်ဆူစီမံကိန်းကြောင့် နစ်နာရသူတချို့နဲ့ အိမ်ရာမဲ့ အိမ်ထောင်စုများအတွက် မြို့ကွက်သစ်၊ ကျေးရွာကွက်သစ်၊ မြေနေရာများချထား သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်တွင် မြို့နယ်မီးသတ်စခန်းရုံး ဆောက်လုပ်မည့် မြေနေရာနှင့် မီးသတ်စခန်းရုံး အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် က ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်တွင် မြို့နယ် မီးသတ်စခန်းရုံး ဆောက်လုပ်မည့် မြေနေရာနှင့် မီးသတ်စခန်းရုံး အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များအားလုံးကို သာလီစွပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ် ကျောက်တော်မြို့နယ်တွင် လူဦးရေအားဖြင့် (၂၁၆၉၅၀)ဦးရှိပြီး၊ မြို့ပေါ်(၅)ရပ်ကွက်၊ မြို့ပေါ်နေအိမ်ခြေက (၃၈၉၉)အိမ်၊ လူဦးရေအားဖြင့် (၁၉၅၉၉)ဦး နေထိုင်တဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ ကျောက်တော်မြို့နယ်တွင် မီးသတ်ဦးစီးဌာနကို ၂၀၀၇-၂၀၀၈ ခုနှစ်တွင် စတင်ဖွင့်လှစ်ခွင့်ရရှိခဲ့ပြီး ယခင်ကာလများတွင် မြို့နယ်အရန်မီးသတ်စခန်းနဲ့ပဲ မီးသတ်တာဝန်များကို ထမ်းဆောင်လျက် ရှိနေပါတယ်။ မီးသတ်ဦးစီးဌာနဟာ မြို့ပေါ်အတွက် အရေးကြီးတဲ့၊ မရှိမဖြစ်လိုအပ်တဲ့ ဌာနတစ်ခုဖြစ်ပါတယ်။ ဒီလို အရေးကြီးတဲ့ ဌာနအတွက် ကျွန်တော်တို့ မြို့ပေါ်တွင် မြေနေရာအတည်တကျမရှိဘဲ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး

ဘေးမှာ မြေကွက်လပ် ကျဉ်းကျဉ်းကျပ်ကျပ်မှာ မီးသတ်ကားများထားရန် နေရာတောင် လုံလောက်မှု မရှိတဲ့အခြေအနေဖြစ်ပါတယ်။ မီးငြိမ်းသတ်ရန်အတွက် မီးသတ်ကား(၃)စီးရှိပြီး၊ စပိဘုတ်(၁)စီးရှိတယ်လို့ သိရှိရပါတယ်။ ၁၅-၃-၂၀၁၇ ရက်နေ့တွင် (၅)နာရီအချိန်တွင် ကျွန်တော်တို့ ကျောက်တော်မြို့နယ်ရဲ့ မြို့အဝင်တွင်ရှိတဲ့ စက်သုံးဆီအရောင်းဆိုင်များ မီးလောင်မှု ဖြစ်ပေါ်ခဲ့ပါတယ်။ ဆိုင်ခန်းပေါင်း(၄၁)ခန်း မီးလောင်ဆုံးရှုံးမှု တန်ဖိုးအားဖြင့် သိန်းပေါင်း(၄၉၀၀)ဆုံးရှုံးမှု ဖြစ်ခဲ့ပါတယ်။ မီးလောင်စဉ်ကာလက မြို့ပေါ်တွင်ရှိတဲ့ မီးသတ်ကား(၃)စီးနဲ့ အနီးအနားမှာရှိတဲ့ မီးသတ်ကားများ လာရောက်မီးသတ်မှုကြောင့် ကျွန်တော်တို့ မြို့ပေါ်သို့ မီးကူးစက်လောင်ကျွမ်းမှု မရှိခဲ့ပါ။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကျောက်တော်မြို့ပေါ်တွင် ပြည်သူလူထု အိုးအိမ်များ ကာကွယ်ပေးနိုင်ရန်နှင့် မီးသတ်ဝန်ထမ်းများ တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ရေး တာဝန်ရှိသူများမှ စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။ မြို့နယ်အတွက် မီးသတ်စခန်းဆောက်လုပ်မယ့် မြေနေရာသတ်မှတ်ပေးပြီး အဆောက်အအုံအသစ်ကိုလည်း ဆောက်လုပ်ပေးရန် လိုအပ်တဲ့အတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်ခင်ဗျား။

ကျောက်တော်မြို့နယ်တွင် မီးသတ်စခန်း ဆောက်လုပ်မည့် မြေနေရာ သတ်မှတ်ပေးရန်နှင့် မီးသတ်စခန်းရုံး အဆောက်အအုံသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ မုပွလင်ကျေးရွာအုပ်စု၊ မုပွလင်ကျေးရွာတွင် လုပ်ကိုင်နေသည့် တော်ဝင်ရိုးမကုမ္ပဏီ၏ ကျောက်ခွဲစက်ကြီးမှ ပျံ့လွင့်နေသည့် ကျောက်မှုန့်များကြောင့် ပတ်ဝန်းကျင်ရှိ မူလကတည်းက လုပ်ကိုင်နေခဲ့ကြသော စိုက်ပျိုးရေးခြံများကို ထိခိုက်နေမှု၊ မူလကတည်းက သီတင်းသုံးနေထိုင်ခဲ့သည့် ဘုန်းတော်ကြီးကျောင်း(၅)ကျောင်း ထက်မနည်း ထိခိုက်နေမှုများနှင့် ပတ်သက်၍ အရေးယူ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်းက မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ မုပွလင်ကျေးရွာအုပ်စု၊ မုပွလင်ကျေးရွာတွင် လုပ်ကိုင်နေသည့် တော်ဝင်ရိုးမကုမ္ပဏီ၏ ကျောက်ခွဲစက်ကြီးမှ ပျံ့လွင့်နေသည့် ကျောက်မှုန့်များကြောင့် ပတ်ဝန်းကျင်ရှိ မူလကတည်းက လုပ်ကိုင်နေခဲ့ကြသော စိုက်ပျိုးရေးခြံများကို ထိခိုက်နေမှု၊ မူလကတည်းက သီတင်းသုံးနေထိုင်ခဲ့သည့် ဘုန်းတော်ကြီးကျောင်း(၅)ကျောင်း ထက်မနည်း ထိခိုက်နေမှုများနှင့် ပတ်သက်၍ အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်အားလုံး မင်္ဂလာအပေါင်းနဲ့ ခညောင်းကြပါစေကြောင်း ဆုတောင်း

ရင်းနဲ့၊ မေတ္တာပို့သရင်းနဲ့ ဂါရဝပြုနှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ) ဦးလှမြင့်သန်း ဖြစ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းနဲ့ ပတ်သက်ပြီး အခြေခံအကြောင်းများကို ဦးစွာတင်ပြလိုပါတယ်။ ရာသီဥတုဖောက်ပြန်မှုဒဏ်ကို အဆိုးဝါးဆုံးခံနေရတဲ့ ကမ္ဘာ့နိုင်ငံများထဲမှာ ကျွန်တော်တို့နိုင်ငံကလည်း တစ်နိုင်ငံအပါအဝင် ဖြစ်ပြီးတော့ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံတစ်လွှားမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ထိခိုက်နစ်နာ ဆုံးရှုံးနေတာကိုတော့ အားလုံးအသိဖြစ်ပါတယ်။ ရာသီဥတု ဒဏ်ခံနေရချိန်မှာ နောက်ထပ် လူ့ပယောဂကြောင့် သဘာဝပတ်ဝန်းကျင်နဲ့ လုပ်ငန်းအချို့ မထိခိုက်စေဖို့ ပြည်ထောင်စုအစိုးရနဲ့ ဒေသဆိုင်ရာ အစိုးရအဖွဲ့များက အများပြည်သူရဲ့ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်၊ လူထုရဲ့ လူမှုစီးပွားရေးလုပ်ငန်းများ ထိခိုက်နစ်နာစေနိုင်တဲ့ လုပ်ငန်းများကို သက်ဆိုင်ရာဌာနများက သတိကြီးစွာနဲ့ စိစစ်ခွင့်ပြုဖို့ ကြပ်မတ်နေတဲ့ကြားက ကျွန်တော်ရဲ့ မဲဆန္ဒနယ် ကျိုက်ထိုမြို့နယ်၊ မုပ္ပလင်ကျေးရွာမှာ လုပ်ကိုင်နေတဲ့ တော်ဝင်ရိုးမကျောက်ခွဲစက်လုပ်ငန်း ဆောင်ရွက်ရာက လေထဲလွင့်ပျံ့မျောပါလာတဲ့ ကျောက်မှုန့်များကြောင့် အနီးပတ်ဝန်းကျင်ရှိ လူများ၊ ဘုန်းတော်ကြီးကျောင်းများနဲ့ စိုက်ပျိုးသီးနှံပင်များကို ထိခိုက်နစ်နာစေလျက်ရှိပါတယ်။ မြေပြင်ပကတိ အခြေအနေမှန်ကို Power Point ဖြင့် တင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုက်ထိုမြို့နယ်၊ မုပ္ပလင်ကျေးရွာမှာ လုပ်ကိုင်နေတဲ့ ကျောက်ခွဲစက် လည်ပတ်ချိန်မှာ ကျောက်မှုန့်များဟာ အတားအဆီးမဲ့ လေထုထဲမှာ လွင့်ပျံ့မျောပါနေတာကို Slide များထဲမှာ မြင်နိုင်ပါတယ်။ နောက်တစ်ခါ တော်ဝင်ရိုးမကုမ္ပဏီဟာ ကျောက်ခွဲစက် ကျောက်တွေခွဲပြီးတဲ့နောက်မှာ မြေကော်စက်ကြီးများ၊ ဘူဒိုဇာများ၊ ကျောက်သယ်ယာဉ်များကို သုံးပြီးတော့ လုပ်ငန်းဆောင်ရွက်နေတာကို Slide ထဲမှာ မြင်နိုင်ပါတယ်။ ကျောက်မှုန့်များဟာ လေသင့်ရာမျောပါပြီးတော့ အနီးပတ်ဝန်းကျင်ရှိ စိုက်ပျိုးရေးခြံများနဲ့ ဘုန်းတော်ကြီးကျောင်းဝင်းများထဲမှာရှိတဲ့ သီးနှံပင်များအပေါ်မှာ ကျောက်မှုန့်များ တင်ကျန်ရစ်နေတာကို Slide ထဲမှာ မြင်တွေ့နိုင်ပါတယ်။ အဲဒီလောက် အခြေအနေဆိုးပါတယ်။ ကျောက်ခွဲရာက ထွက်လာတဲ့ ဒေသအခေါ် မိုင်းချေးလို့ခေါ်တဲ့ ကျောက်မှုန့်များဟာလည်းပဲ တန်ဖိုးများစွာရှိပြီးတော့ ပေ(၃၀)က ပေ(၃၅)အထိ မြင့်တဲ့ကျောက်ပုံကြီးများဖြစ်နေပါတယ်။ မိုးရာသီ မိုးရွာတဲ့အခါမှာ ရေစီးနဲ့ မျောပါပြီးတော့ ပတ်ဝန်းကျင်ခြံများက မြေသားများကို ပျက်စီးစေတဲ့အပြင် အနိမ့်ပိုင်းမှာရှိတဲ့ ရေစီးရေလာကို ပိတ်ဆို့မှု ဖြစ်ပေါ်စေပါတယ်။

တော်ဝင်ရိုးမကျောက်ခွဲစက်လုပ်ငန်းကို မြေနေရာသုံးဖို့အတွက် လယ်ယာမြေကို အခြားနည်း သုံးစွဲခွင့်ရတာက (၃)ဧကခွဲခန့်ဖြစ်တယ်လို့ သိရပါတယ်။ အခု(၁၀)ဧကခန့်ကျယ်တဲ့ မြေထဲမှာ လုပ်နေပါပြီ။ ဘာကြောင့်လဲဆိုတော့ ကျောက်မှုန့်များနဲ့ ကျောက်မှုန့်ရဲ့ဒဏ်ကို မခံနိုင်ကြတော့တဲ့ ပတ်ဝန်းကျင်က တစ်နိုင်တစ်ပိုင်စိုက်ပျိုးသူများဟာ မိမိတို့ဘိုးဘွားစဉ်ဆက် အခြေချလုပ်ကိုင်လာတဲ့ လုပ်ငန်းနဲ့ မြေယာများကို ကျောက်ခွဲစက် လုပ်ငန်းပိုင်ရှင်ကို ထိုးရောင်းခဲ့ကြရလို့ စွန့်ခွာသွားခဲ့ကြတာကြောင့် ကျောက်ခွဲစက်နယ်မြေ ကျယ်လာရတာ ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်လောက်ကစပြီးတော့ လည်ပတ်ခဲ့တယ်လို့သိရပါတယ်။ ကျိုက်ထိုမြို့နယ် စည်ပင်ကထုတ်ပေးတဲ့ လိုင်စင်အမျိုးအစားကတော့ အများပြည်သူများ အန္တရာယ်ဖြစ်ရန်ရှိသည့် သို့မဟုတ် စက်ဆုပ်ရွံရှာဖွယ်ဖြစ်စေသည့် အလုပ်အကိုင်

နဲ့ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများဆိုင်ရာ စည်းကမ်းချက်များအရ ထုတ်ပေးသည့် လိုင်စင် အမျိုးအစား ဖြစ်ပါတယ်။ လိုင်စင်ပါ စည်းကမ်းချက်(၉)ချက်အနက် အချက်(၆)မှာ ပတ်ဝန်းကျင်ရှိ ပြည်သူများအား တစ်စုံတစ်ရာ အနှောင့်အယှက်မဖြစ်စေရန် ကောင်းစွာကာကွယ်တားဆီးရမည်။ အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာရမည်ဟု ပါရှိသော်လည်းပဲ ဌာနဆိုင်ရာများက ပြည်သူများ ထိခိုက်နစ်နာနေမှုများကို မသိလို့ ညွှန်ကြားချက်မထုတ်တာလား။ ထုတ်တဲ့ ညွှန်ကြားချက်ကို မလိုက်နာတာလား။ မလိုက်နာရင် ဘာကြောင့် နှစ်စဉ် သက်တမ်းတိုးပေးနေသလဲ စတဲ့ အချက်တွေဟာ စဉ်းစားစရာ ဖြစ်လာပါတယ်။ ဒီလုပ်ငန်းကြောင့် ထိခိုက်နစ်နာနေကြတဲ့ နစ်နာမှုတွေရှိနေတာကိုတော့ ငြင်းမရပါ။

ဒါကြောင့် ကျိုက်ထိုမြို့နယ်၊ မုပ္ပလင်ကျေးရွာမှာ လုပ်ကိုင်နေတဲ့ တော်ဝင်ရိုးမကျောက်ခွဲ စက်ကြီးမှ ထွက်ရှိပြီး လေထဲလွင့်ပျံ့နေတဲ့ ကျောက်မှုန့်များကြောင့် မူလကတည်းက လုပ်ကိုင်နေတဲ့ စိုက်ပျိုးရေးခြံများ၊ မူလကတည်းက သီတင်းသုံး နေထိုင်တော်မူကြတဲ့ ဘုန်းတော်ကြီးကျောင်း(၅) ကျောင်းထက်မနည်းဟာ ထိခိုက်နေမှုနဲ့ ပတ်သက်ပြီးတော့ အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများရဲ့ကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

ကျောက်ခွဲစက် လည်ပတ်နေစဉ် ကျောက်မှုန့်များ လေထုအတွင်းပျံ့နှံ့နေပုံ (ယ)



ယန္တရားကြီးများဖြင့် အလုပ်လုပ်နေပုံ (ယ-၁)



ပတ်ဝန်းကျင်ဥယျာဉ်ခြံများရှိ နှစ်ရှည်ပင်များအပေါ် ကျောက်မှုန့်များကပ်နေပုံ (ယ-၂)




**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၇။**

**ဗိုလ်ချုပ်အောင်စိုး (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။**　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၉)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လတ် ရဲ့ ကြယ်ပွင့်ပြ မေးခွန်းအပေါ် ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ တမူးမြို့နယ်မှာ မြို့(၃)မြို့၊ ရပ်ကွက်(၁၂)ရပ်ကွက်၊ ကျေးရွာအုပ်စု(၂၁)အုပ်စု၊ ကျေးရွာပေါင်း(၆၁)ရွာနဲ့ ဖွဲ့စည်းထားရှိပါတယ်။ တမူးမြို့နယ်မှာ ဈေးတန်း၊ မြို့မ၊ စန္ဒကူး၊ စော်ဘွားအင်းရပ်ကွက်(၄)ရပ်ကွက်ဖြင့် ဖွဲ့စည်းထားပြီးတော့ ၂၀၁၄ ခုနှစ်၊ စာရင်းဇယား များအရ အိုးမဲ့အိမ်မဲ့ (၁၆၀၂)အိမ်ထောင်စုရှိပြီးတော့ ၂၀၁၆ ခုနှစ်၊ နောက်ဆုံး စာရင်းဇယားများအရ အိုးမဲ့အိမ်မဲ့(၁၂၀၀)ခန့်ရှိကြောင်း သိရှိပါတယ်။ တမူးမြို့နယ်မှာ ကျူးကျော်နေထိုင်သူတွေဟာ အများအားဖြင့် ဒေသခံများမဟုတ်ဘဲ မြန်မာနိုင်ငံအသီးသီးမှ ရေကြည်ရာမြက်နုရာ လာရောက် လုပ်ကိုင်ကြပြီး မြို့နယ်နိမိတ်အတွင်းမှာ မြေလွတ်၊ မြေရိုင်းအပေါ်မှာ ဝင်ရောက်ကျူးကျော် နေထိုင် သူများသာဖြစ်ပါတယ်။ တမူးမြို့ရဲ့ မြို့မြေအသုံးချမှု မြို့မြေပြန်တမ်းများအရ မြို့မြေဧရိယာအဖြစ် (၄၈၉၆)ဧကရှိပြီး လက်ရှိလူနေထိုင်မှု ကျူးကျော်များအပါအဝင် အဆောက်အဦအသုံးပြုမှု ဧရိယာ ဟာ(၃၂၉၉)ဧက ရှိပါတယ်။ မြို့နယ်နယ်နိမိတ်အတွင်းမှာ စိုက်ပျိုးမြေဧရိယာ(၆၃၀)ဧကနဲ့ မြေလွတ်၊ မြေလပ်ဧရိယာ(၉၆၇) ဧကရှိကြောင်း သိရှိရပါတယ်။

မြို့ကွက်သစ်ချထားပေးရေးအတွက်ကိုတော့ ခွင့်ပြုချက်ရရှိပါက မြေယာဥပဒေ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရပါတယ်။ ကျေးရွာမြေကွက်သစ်များ ဖော်ထုတ်ဆောင်ရွက်ထားမှုနဲ့ ပတ်သက်ပြီး ၂၀၁၅ ခုနှစ်၊ ရေကြီးနစ်မြုပ်မှုကြောင့် ကျေးရွာလုံးကျွတ် ပြောင်းရွှေ့ခဲ့ရတဲ့အတွက် အသုံးပြုထားရှိရတဲ့ မြေလွတ်မြေရိုင်းများကို ကျေးရွာမြေအဖြစ် သတ်မှတ် နိုင်ရေးအတွက်ကိုလည်း သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရမှ နိုင်ငံတော်သမ္မတရုံးသို့ ၂၀၁၇ ခုနှစ်၊ မတ်လ ၃ ရက် ရက်စွဲပါ စာအမှတ်များဖြင့် တင်ပြပြီး ခွင့်ပြုမိန့်များ တောင်းခံထားရှိပါတယ်။ ခွင့်ပြုမိန့်များရရှိပါက ကျေးရွာများ နယ်နိမိတ်သတ်မှတ်နိုင်ရေးကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမှာဖြစ်ကြောင်း သိရှိရပါတယ်။

ကျေးရွာအများစုဟာ လူဦးရေတိုးပွားလာတဲ့အတွက် လွန်ခဲ့သော နှစ်(၂၀)ခန့်ကာလ ကစပြီး ရွာနဲ့ဆက်စပ်လျက်ရှိတဲ့ မြေလွတ်၊ မြေရိုင်းတွေအပေါ်မှာ ဆောက်လုပ်နေထိုင်ခြင်းတွေကြောင့် လက်ရှိ ကျေးရွာနေထိုင်မှု လူဦးရေဟာ မူလယာမြေထက် မြေဧရိယာတိုးပွားနေထိုင်လျက်ရှိတဲ့ အတွက်ကြောင့်မို့လို့ ကျေးရွာမြေတိုးချဲ့ခြင်းကိုလည်း မြေယာလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်

သွားမည်ဖြစ်ကြောင်း သိရှိရပါတယ်။ တမူးမြို့မှာ ၂၀၀၇ ခုနှစ်၊ ဧပြီလမှာ ကြက်ဆူစိုက်ပျိုးနိုင်ရန် အတွက် သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ ထောက်ခံချက်နဲ့ မြို့နယ်မြေစာရင်းဦးစီးဌာနသို့ လျှောက်ထားသူ(၂၂)ဦးရှိကြောင်း သိရှိရပါတယ်။

ထိုသို့ လျှောက်ထားရာမှာ စည်းကမ်းချက်အနေနဲ့သတ်မှတ်ပြီး သတ်မှတ်ဧက ပြည့်မီ အောင် ကြက်ဆူ မဖြစ်မနေ စိုက်ပျိုးပါမည်၊ နိုင်ငံတော်မှ သတ်မှတ်ထားသော စီမံကိန်းဝင်သီးနှံဖြစ်တဲ့ ကြက်ဆူစိုက်ပျိုးခြင်းမပြု၍လည်းကောင်း၊ အခြားသီးနှံစိုက်ပျိုးပါက ခွင့်ပြုထားသောမြေကို နိုင်ငံတော်သို့ ပြန်လည်အပ်နှံပါမည်၊ အခါအားလျော်စွာ ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာ လိုက်နာပါမည် ဟူသော ကိုယ်တိုင်ကတိဝန်ခံချက် (၃)ချက်ဖြင့် လျှောက်ထားခဲ့တဲ့အတွက် မြို့နယ် မြေစာရင်းဦးစီးဌာနမှ စိုက်ပျိုးမြေ(၅၃)ဧကကို စိုက်ပျိုးလုပ်ကိုင်ခွင့် ခွင့်ပြုခဲ့ကြောင်းလည်း သိရှိရပါ တယ်။ ဒါကြောင့် ကြက်ဆူစိုက်ပျိုးသူများအနေနဲ့ ကြက်ဆူ စိုက်ပျိုးခြင်းမပြုပါက နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်ဟု ဆိုသော ဝန်ခံကတိပြုချက်နဲ့ သဘောတူဝန်ခံချက်များအရ စိုက်ပျိုးရန်အတွက် သာ ဖြစ်ပြီး မြေပိုင်ဆိုင်မှု ပေးအပ်ခြင်းမရှိခဲ့ကြောင်းလည်း တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ မြို့နယ်နယ်နိမိတ်အတွင်းမှာရှိတဲ့ မြေလွတ်၊ မြေလပ်တွေမှာ မြို့ကွက်သစ် ချထားရေးနဲ့ပတ်သက်ပြီး ခွင့်ပြုချက်များ ရရှိမှသာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း၊ လက်ရှိမြေပြင်မှာ မူလ ရွာမြေထက် လူနေထိုင်အသုံးပြုထားတဲ့ ဧရိယာတွေကိုသာ ကျေးရွာမြေအဖြစ် ပေါ်လာစေရေးအတွက် မြေယာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ရဲ့ မေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်း ဖြေကြားသွား ပါမယ်။

ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ ကျောက်တော်မြို့နယ်ဟာ အိမ်ခြေ(၄၂၁၃၇)လုံး၊ အိမ်ထောင်စု (၄၂၃၆၅)စု၊ လူဦးရေ(၂၁၇၀၉၈)ဦး၊ မြို့ပေါ်ရပ်ကွက်(၅)ရပ်ကွက်၊ ကျေးရွာအုပ်စု(၇၉)အုပ်စု၊ ကျေးရွာပေါင်း(၂၀၄)ရွာ၊ ဌာနဆိုင်ရာ အဆောက်အအုံပေါင်း(၃၆)လုံး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် (၄၃၄)ဦး ရှိပါတယ်။ ကျောက်တော်မြို့နယ်မှာ (၁၀)နှစ်အတွင်း မီးလောင်မှု(၃၁)ကြိမ် ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးကတော့ ကျပ်သန်းပေါင်း(၆၇၀)ကျော် ဆုံးရှုံးခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ကျောက်တော်မြို့နယ်မှာ ဦးစီးအရာရှိ၊ ဦးစီးအင်အား(၉)ဦးပါဝင်တဲ့ မြို့နယ်မီးသတ်စခန်း ဦးစီးမှူးရုံး (၁)ရုံး၊ ဒုတိယမီးသတ်ဦးစီးမှူး ဦးစီးအင်အား(၂၈)ဦး မီးငြိမ်းသတ်ယာဉ်(၂)စီး၊ မီးသတ်ရေယာဉ်(၁)စီး၊ မီးသတ်စက်ယာဉ်(၁)စီး စုစုပေါင်း(၄)စီးပါဝင်တဲ့ မြို့နယ်မီးသတ်စခန်း(၁)ခု ဖွဲ့စည်းပုံအရ ခွင့်ပြုထား ရှိပြီးဖြစ်ပါတယ်။ ဒါ့အပြင် လက်ထောက်မီးသတ်ဦးစီးမှူးအင်အား(၉)ဦးနဲ့ မီးငြိမ်းသတ်ယာဉ်(၁)စီး၊ မီး သတ်ရေယာဉ်(၁)စီး စုစုပေါင်း မီးသတ်ယာဉ်(၂)စီးပါဝင်တဲ့ နယ်မြေမီးသတ်စခန်း(၁)ခုကိုလည်း

ဖွဲ့စည်းပုံအရ ခွင့်ပြုထားရှိခဲ့ပြီးဖြစ်ပါတယ်။ ကျောက်တော်မြို့နယ် မီးသတ်စခန်းမှာ လက်ရှိ ဒုတိယ မီးသတ်ဦးစီးမှူး(၁)ဦး၊ ဦးစီးအရာရှိ အပါအဝင် စုစုပေါင်းအင်အား (၂၃)ဦး၊ သရက်တစ်ပင်နယ် နယ်မြေမီးသတ်စခန်းမှာတော့ မီးသတ်ဒုတိယတပ်ကြပ်(၁)ဦး ဦးစီးတဲ့ စုစုပေါင်းအင်အား (၅)ဦး၊ မီးငြိမ်းသတ်ယာဉ်(၂)စီး၊ မီးသတ်ရေသယ်ယာဉ်(၁)စီး၊ စုစုပေါင်းမီးသတ်ယာဉ်(၃)စီး၊ စက်တပ်လှေ (၁)စီးတို့ဖြင့် ကျောက်တော်မြို့နယ်ရဲ့ မီးဘေးကာကွယ်ရေးနဲ့ မီးငြိမ်းသတ်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

ဒါကြောင့် ကျောက်တော်မြို့နယ်အတွက် လိုအပ်နေတဲ့ မီးသတ်စခန်း ရရှိရေးနဲ့ ပတ်သက်ပြီး ကျောက်တော်မြို့နယ်၊ မြို့သစ်ရပ်ကွက် အကွက်အမှတ်(၁/က)၊ ဦးပိုင်အမှတ်(၂၈၆)၊ မြေကွက်အကျယ်(၆၀ ပေ x ၄၀ ပေ)မှာရှိတဲ့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် မြေနေရာမှာ သွပ်မိုး၊ ထရံကာ မြေစိုက် (၃၀ ပေ x ၄၀ ပေ)အကျယ်ရှိတဲ့ အဆောက်အအုံ ဆောက်လုပ်ပြီး ယာယီဖွင့်လှစ်ထားရှိပါတယ်။ မြောက်ဦးခရိုင်၊ ကျောက်တော်မြို့နယ်၊ ကစ္ဆပနဒီတံတား အနီးမှာရှိတဲ့ ကွင်းအမှတ် (၇၂၃/က)၊ ဦးပိုင်အမှတ်(၂၉၅)၊ မြေဧရိယာဧက(၀.၅)ဧကကို ကျောက်တော်မြို့နယ် မီးသတ်တပ်ဖွဲ့ စခန်း မြေနေရာရရှိရေးအတွက် ဆောင်ရွက်ခဲ့တဲ့အခါမှာ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ အစည်းအဝေးဆုံးဖြတ်ချက် အမှတ်စဉ်(၃၇/၂၀၁၇) အရ ခွင့်ပြုမိန့် ရရှိပြီး ဖြစ်ပါတယ်။

သို့ပါ၍ ကျောက်တော်မြို့နယ် မီးသတ်စခန်းအတွက် မြေနေရာ ရရှိပြီးဖြစ်ပါကြောင်းနှင့် မီးသတ်စခန်း ဆောက်လုပ်ရန်အတွက် လာမယ့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရ ဘဏ္ဍာရန်ပုံငွေ တင်ပြတောင်းခံပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ပေါင်းစပ် ဖြေကြားချက်အရ ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီး မွန်ပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်း အပေါ်မှာ မွန်ပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေကြားသွားပါမယ်။

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ မုပ္ပလင်ကျေးရွာအုပ်စု ကွင်းအမှတ်(၈၉/က) ကွင်းအမည် - လျာကလယ်ကွင်းကို ၂၀၁၃ ခုနှစ်ကနေ ၂၀၁၅ ခုနှစ်အတွင်း ပိုင်ရှင်(၁၀)ဦးထံမှ မြေဧရိယာ (၁၅.၅)ဧကကို တော်ဝင်ရိုးမကုမ္ပဏီမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါတယ်။ အဆိုပါ မြေဧရိယာ(၁၅.၅)ဧက အနက်ကနေ (၃.၂၈)ဧကကို ကျောက်ခွဲစက်နှင့် အဆောက်အအုံများ အသုံးပြုရန် လယ်ယာမြေ အခြားနည်း အသုံးပြုခွင့် ရရှိရေးအတွက် လျှောက်ထားခဲ့တဲ့အခါမှာ မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးရဲ့ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ ခွင့်ပြုပေးခဲ့ကြောင်း သိရှိရပါတယ်။ မွန်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနက ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့မှာ ကျောက်ကြိတ်ခွဲခွင့်လိုင်စင် ထုတ်ပေးခဲ့ကြောင်းလည်း သိရှိရပါတယ်။ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့မှာတော့ မွန်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး

ဒေါက်တာမင်းကြည်ဝင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပြည်နယ်တာဝန်ခံ ဦးစိုးနိုင်၊ ကျိုက်ထိုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်၊ မုပ္ပလင်ကျေးရွာအုပ်ချုပ်ရေးမှူးတို့ ပါဝင်တဲ့ အဖွဲ့မှ ကွင်းဆင်းစစ်ဆေးခဲ့တဲ့အခါမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၅၅ အရ ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP) ရေးဆွဲတင်ပြထားရှိခြင်းမရှိကြောင်း စိစစ်တွေ့ရှိခဲ့ရပါတယ်။ ဒါကြောင့်လည်း ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ကို အမြန်ဆုံး ရေးဆွဲတင်ပြရန်နှင့် ကျောက်ခွဲစက်ကို ယာယီရပ်ဆိုင်းထားရန် မွန်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ညွှန်ကြားထားကြောင်းလည်း သိရှိရ ပါတယ်။

တော်ဝင်ရိုးမကုမ္ပဏီဟာ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၈ ရက် ရက်စွဲပါစာဖြင့် ကျောက်ခွဲစက် လုပ်ငန်းရှိ အလုပ်သမားများ၏ စားဝတ်နေရေး အခက်အခဲ မဖြစ်စေရေးအတွက် မိုးရွာသွန်းချိန် ကာလအတွင်း အမှုန်များ ပျံ့လွင့်မှုမရှိစေဘဲ အချိန်အကန့်အသတ်ဖြင့် ယာယီကြိတ်ခွဲဝေခွင့်ပြုရန် မွန် ပြည်နယ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့ အသနားခံ တင်ပြမှု အပေါ် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ ၁၀း၀၀ နာရီအချိန်မှာ မွန်ပြည်နယ် ဝန်ကြီးရုံးခန်းမှာ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာကုမ္ပဏီတို့ တွေ့ဆုံပြီး ကုမ္ပဏီမှ ခံဝန်ကတိပြုထားသည့် လက်ကျန် ကျောက်ကျင်း(၅၀၀)ကို ကြိတ်ခွဲရာမှာ အမှုန်အမွှားများ ပျံ့လွင့်မှုမရှိစေရေး စောင့်ကြည့် ထိန်းချုပ်ရန်နှင့် အမှုန်အမွှား ပျံ့လွင့်မှုအခြေအနေရှိပါက လုံးဝရပ်နားသွားရန် ဆုံးဖြတ်ခဲ့ပြီး ယာယီကြိတ်ခွဲခွင့်ပြုခဲ့ ကြောင်းလည်း သိရှိရပါတယ်။

ကျိုက်ထိုမြို့နယ်၊ မုပ္ပလင်ကျေးရွာအုပ်စု၊ မုပ္ပလင်ကျေးရွာမှ လုပ်ကိုင်နေတဲ့ တော်ဝင်ရိုးမ ကုမ္ပဏီရဲ့ ကျောက်ခွဲစက်ကြီးမှ ပျံ့လွင့်လာတဲ့ ကျောက်မှုန့်များကြောင့် ပတ်ဝန်းကျင်ထိခိုက်နေမှု များနှင့် စပ်လျဉ်းပြီး စိစစ်နိုင်ရန်အတွက် အဖွဲ့ခေါင်းဆောင်အဖြစ် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီး အရာရှိ ပါဝင်ပြီး အဖွဲ့ဝင်အဖြစ် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ အဖွဲ့ဝင်အဖြစ် ပါဝင်တဲ့ စုံစမ်းစစ်ဆေးရေးအဖွဲ့ကိုလည်း ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါ စုံစမ်း စစ်ဆေးရေးအဖွဲ့ရဲ့ စုံစမ်းစစ်ဆေးချက်အရ တော်ဝင်ရိုးမ ကျောက်ခွဲစက်လုပ်ငန်းဟာ ရန်ကုန်- မော်လမြိုင် ကားလမ်းမကြီးဘေးတွင်ရှိကြောင်း၊ လူနေအိမ်ရပ်ကွက်များနှင့် နီးကပ်ကြောင်း၊ ကျောက်ခွဲစက်အနီး သာသနာရေးအဆောက်အအုံများရှိကြောင်း၊ ယခင် လုပ်ငန်းစတင်ချိန်၊ တည်ဆောက်ချိန်က လုပ်ငန်းပမာဏ နည်းပါးသော်လည်း စစ်ဆေးချိန်မှာ လုပ်ငန်းပမာဏ ကြီးမားကြောင်း ကျောက်ခွဲစက်နှင့် (၇.၅)မိုင်ကွာဝေးသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခွင့်ပြု ထားသည့် ကျောက်ထုတ်လုပ်ရေးစခန်းမှ ကျောက်တုံးကြီးများကို မုပ္ပလင်ကျေးရွာအနီး ကျောက်ခွဲ စက်ရှိရာကို ကားကြီးများဖြင့် သယ်ဆောင်ပြီး ကြိတ်ခွဲနေတဲ့အတွက် အသံဆူညံမှုများရှိကြောင်း၊ ကျောက်မှုန့်များ ပျံ့လွင့်နေ၍ ပတ်ဝန်းကျင်ရှိ အဆောက်အအုံများ ညစ်ညမ်းမှုဖြစ်နေကြောင်း၊ (၂၃၀) ကေဗွီအေ ဓာတ်အားလိုင်းသို့ ကျောက်မှုန့်များ ကပ်ညှိ၍ ဓာတ်အားစနစ်ကို ထိခိုက်စေနိုင်ကြောင်း စစ်ဆေးတွေ့ရှိရတဲ့အတွက် ယင်းနေရာမှာ ကျောက်ခွဲစက်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခြင်း

မပြုစေဘဲ ကျောက်ထုတ်လုပ်ရေးစခန်း၌သာ ကြိတ်ခွဲစေသင့်ပါကြောင်း စစ်ဆေးပေါ်ပေါက်ချက်ကို မွန်ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

သို့ပါ၍ အဆိုပါ တင်ပြချက်များအပေါ် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ မွန်ပြည်နယ်အစိုးရအဖွဲ့ရဲ့ အစည်းအဝေးအမှတ်စဉ်(၂၇/၂၀၁၇) ဆုံးဖြတ်ချက်ရဲ့ အပိုဒ် ၃၈ အရ ကျန်ရှိသည့် ကျောက်ကျင်း(၅၀၀)ကုန်သည်အထိ ရက်ကန့်သတ်၍ ကြိတ်ခွဲပြီးပါက ရပ်ဆိုင်းထားရန်၊ ကြိတ်ခွဲပြီးစီးမှုအခြေအနေကို ပြန်လည်တင်ပြရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP) ရေးဆွဲပြီးမှသာ ခွင့်ပြုချက်ရယူပြီး ဆောင်ရွက်ရန်၊ လျှပ်စစ်ဓာတ်အားလိုင်းနှင့် လွတ်ကင်းမှု ရှိ/မရှိ ပြည်နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးမှ ကွင်းဆင်းစစ်ဆေးရန်၊ မလွတ်ကင်းပါက အပြီးသတ် ရွှေ့ပြောင်းရန် ဆုံးဖြတ်ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက်ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

**ရှေးခေတ် အဆက်ဆက် ရေလမ်းခရီးဖြင့် သွားလာရန် လွယ်ကူခဲ့သော ပေါက်တောမြို့နယ်အတွင်းရှိ ရွာချောင်းကြီးချောင်း တိမ်ကောလာမှုကို ယခင်ကဲ့သို့ ရေလမ်းခရီးဖြင့် သွားလာရေး လွယ်ကူစေရန် ရွာချောင်းကြီးချောင်းအား တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင် က ရှေးခေတ် အဆက်ဆက် ရေလမ်းခရီးဖြင့် သွားလာရန် လွယ်ကူခဲ့သော ပေါက်တောမြို့နယ် အတွင်းရှိ ရွာချောင်းကြီးချောင်း တိမ်ကောလာမှုကို ယခင်ကဲ့သို့ ရေလမ်း ခရီးဖြင့် သွားလာရေး လွယ်ကူစေရန် ရွာချောင်းကြီးချောင်းအား တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ပဲ နှုတ်ခွန်းဆက်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတက်ထွန်းအောင် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းက ကျွန်တော်တို့ ရခိုင်ပြည်နယ်ဟာ ခေတ်အဆက်ဆက်က သဘာဝကပေးထားတဲ့ ရေလမ်းကြောင်းကို အခုအထိ အားကိုးနေရတဲ့ ပြည်နယ်တစ်ခုလည်း ဖြစ်ပါတယ်။ ရှေးခေတ်အဆက်ဆက်က ရေလမ်းခရီးဖြင့် သွားလာရန်လွယ်ကူခဲ့သော ပေါက်တောမြို့နယ်အတွင်းရှိ ရွာချောင်းကြီးချောင်း

တိမ်ကောလာမှုကို ပြည်ထောင်စုအစိုးရအနေဖြင့် ယခင်ကကဲ့သို့ ရေလမ်းခရီးဖြင့် သွားလာရေး လွယ်ကူစေရန် ရွှာချောင်းကြီးချောင်းအား တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်၏ မဲဆန္ဒနယ်ဖြစ်တဲ့ ပေါက်တောမြို့နယ်ဟာ မြန်မာနိုင်ငံ၏ အနောက်ဘက်တွင် တည်ရှိပြီး ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်တွင် တည်ရှိတဲ့ မြို့နယ်တစ်မြို့နယ်လည်း ဖြစ်ပါတယ်။ မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ၊ ၄၆ မိနစ်၊ ၂၀ ဒီဂရီ ၂၂ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၃ မိနစ်အကြားတွင် တည်ရှိတဲ့ မြို့နယ်တစ်မြို့နယ်လည်း ဖြစ်ပါတယ်။ အရှေ့မှ အနောက်သို့ (၁၉)မိုင်နှင့် တောင်မှ မြောက်သို့ (၄၀)မိုင် ရှည်လျားပြီး မြို့နယ်ဧရိယာမိုင် စတုရန်းမိုင်(၄၁၃.၇၄)ကျယ်ဝန်းသော မြို့နယ်တစ်မြို့နယ် ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပေါက်တောမြို့နယ်ရဲ့ အရှေ့ဘက်တွင် မင်းပြားမြို့နယ်၊ တောင်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ ဟန်တားပင်လယ်အော်တို့နှင့် ထိစပ်လျက်ရှိတဲ့ မြို့နယ်တစ်မြို့နယ်လည်း ဖြစ်ပါတယ်။ အနောက်ဘက်တွင် စစ်တွေမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်တို့နှင့် ထိစပ်လျက်ရှိပြီး မြောက်ဘက်တွင် မြောက်ဦးမြို့နယ်တို့နှင့် ထိစပ်လျက်ရှိသော မြို့နယ်တစ်မြို့နယ်လည်း ဖြစ်ပါတယ်။ အဓိကအားဖြင့် ရေလမ်းခရီးကိုသာ အားကိုးအားထားပြုနေရသော မြို့နယ်တစ်မြို့နယ်လည်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီ ရွှာချောင်းကြီးချောင်းဟာ ပေါက်တောမြို့နှင့် (၄)မိုင်ခန့်အကွာတွင် တည်ရှိပြီး ပေါက်တော-မင်းပြား ကားလမ်းကို ဖြတ်ကာ ကျွဲကူးမြစ်မှ မြောက်ဘက်သို့ စီးဝင်ပြီး ကစ္ဆပနဒီမြစ်သို့ စီးဆင်းသွားသော ချောင်းတစ်ချောင်းလည်း ဖြစ်ပါတယ်။ အဲဒီချောင်း၏ လက်ဝဲ၊ လက်ယာ တစ်ဖက်တစ်ချက်တွင် ကျေးရွာများစွာ တည်ရှိကြပါတယ်။ ယခင်က ၎င်းချောင်းကို အသုံးပြုပြီး ရခိုင်ပြည်နယ်တောင်ပိုင်း မြို့နယ်များမှလည်း မော်တော်ဘုတ်ကြီးများ၊ စက်လှေများဖြင့် စစ်တွေနှင့် အခြားမြို့များသို့ ဖြတ်လမ်းမှ အသုံးဝင်အရေးပါခဲ့သော ချောင်းတစ်ချောင်းလည်းဖြစ်ပါတယ်။ ယခုအခါ အချို့နေရာများတွင် တိမ်ကောနေပြီဖြစ်ပါတယ်။ ဒီရေတက်ချိန်မှသာလျှင် လှေငယ်လေးများသာ သွားလို့ရတဲ့အနေအထား ရှိနေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ရခိုင်ပြည်နယ်ဟာ အဓိက ရေလမ်းခရီးကိုပဲ အားကိုးအားထားရတဲ့ ပြည်နယ်တစ်ခု ဖြစ်ပါတယ်။ ကုန်းလမ်းဆိုတာ ခု ကျွန်တော်တို့ နှစ်(၂၀)လောက်က တပ်မတော်အစိုးရ လက်ထက်မှ စစ်တွေ-ရန်ကုန် ကားလမ်းဆိုတာ တစ်ခု ကျွန်တော်တို့ မြင်ဖူးတဲ့အနေအထားမှာရှိတဲ့အတွက် ယနေ့လည်း ကျွန်တော်တို့ ရေလမ်းကို အသုံးပြုနေရတဲ့ ပြည်နယ်တစ်ခုဖြစ်တဲ့အတွက် အဓိက ဒီချောင်းရေတွေ တိမ်ကောလာတာ ကျွန်တော်တို့ သဘာဝအလျောက် ပေးထားတဲ့ ဒီရေတောတွေ အကုန် ပြောင်သွားတဲ့အချိန်မှာ ကျွန်တော်တို့ ဒီလို တိမ်ကောမှုတွေ ဖြစ်လာတာလို့ ယူဆပါတယ်။

ဒါကြောင့် ရှေးခေတ်အဆက်ဆက်က ရေလမ်းခရီးကို အသုံးပြုပြီး သွားလာခဲ့သော ပေါက်တောမြို့နယ်အတွင်းရှိ ရွှာချောင်းကြီးချောင်း တိမ်ကောလာမှုကို ပြည်ထောင်စုအစိုးရအနေဖြင့် ယခင်ကကဲ့သို့ ရေလမ်းခရီးဖြင့် သွားလာရေး လွယ်ကူစေရန် ရွှာချောင်းကြီးချောင်း တူးဖော်ပေးရန်

အစီအစဉ် ရှိ/မရှိ မေးခွန်းအား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၂။**

**ဦးကျော်မျိုး (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတက်ထွန်းအောင် ရဲ့ ရှေးခေတ်အဆက်ဆက် ရေလမ်းခရီးဖြင့် သွားလာရန် လွယ်ကူခဲ့သော ပေါက်တောမြို့နယ်အတွင်းရှိ ရွာချောင်းကြီးချောင်း တိမ်ကောမှုကို ယခင်ကဲ့သို့ ရေလမ်းခရီးဖြင့် သွားလာရေး လွယ်ကူစေရန် ရွာချောင်းကြီးချောင်းအား တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့နဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုး က ဖြေကြားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော နာယကကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားသလိုပဲ ပေါက်တောမြို့နယ်အတွင်းရှိတဲ့ ရွာချောင်းကြီးချောင်းကို အသုံးပြုပြီး ရေလမ်းခရီးနဲ့ စစ်တွေနဲ့ အခြားမြို့များသို့ ယခင်က သွားလာအသုံးပြုနိုင်ခဲ့ပေမယ့်လည်း အခုအခါမှာ ရေလမ်းကြောင်း တိမ်ကောလာတာကြောင့် သွားလာမှု အခက်အခဲရှိနေတာကို လေ့လာတွေ့ရှိရပါတယ်။ ရခိုင်ပြည်နယ် အစိုးရအဖွဲ့အနေနဲ့ ပေါက်တောမြို့နယ် ရွာချောင်းကြီးချောင်း တိမ်ကောမှုကို တူးဖော်ပေးရန် လုပ်ငန်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဆောင်ရွက်မယ့်လုပ်ငန်းများ၌ ပါဝင်ခြင်း မရှိသေးပါကြောင်းနှင့် ကွင်းဆင်းတိုင်းတာ စစ်ဆေးမှုများပြုလုပ်ရန် လိုအပ်မည်ဖြစ်ပြီး တူးဖော်ရန် ဖြစ်နိုင်ဖွယ်ရှိသော ရေလမ်းဖြစ်ပါက နောင်ဘဏ္ဍာရေးနှစ်များတွင် တင်ပြတောင်းခံပြီး ရန်ပုံငွေ ရရှိမှုအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်အလိုက် ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ်မှာ ဖြေကြားခဲ့ပါတယ်။

အဲဒီနောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ရခိုင်ပြည်နယ်ရုံးကနေပြီးတော့ ကွင်းဆင်းတိုင်းတာ စစ်ဆေးမှုများ ပြုလုပ်ခဲ့တဲ့အခါမှာ တိမ်ကောနေတဲ့အပိုင်းဖြစ်တဲ့ ရွာချောင်းကြီးချောင်း အထက်နား ကျော်ရှင်ကျေးရွာ အောက်ဘက်(ငပြင်တောင်ကျေးရွာကမ်းပိုင်း)ကနေပြီးတော့ သိမ်တောင်မော်ကျေးရွာအထိ အလျား (၂)မိုင်ခန့်ကို တူးဖော်ပေးနိုင်မယ်ဆိုရင် ရေစီးရေလာကောင်းမွန်ပြီး ပေါက်တောမြို့ကနေ ပုဏ္ဏားကျွန်း

မြို့နယ်၊ ကစ္ဆပနဒီမြစ်ကြောင်းအထိ အလျားမိုင်(၂၀)ခန့်ကို လွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်မှာ ဖြစ်ကြောင်းကို တွေ့ရှိခဲ့ရပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ ပေါက်တောမြို့နယ် ရွာချောင်းကြီးချောင်းကို ယခင်ကဲ့သို့ ရေလမ်းခရီးဖြင့် သွားလာရေး လွယ်ကူစေရန်အတွက် တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် ပတ်သက်ပြီး လေ့လာတွေ့ရှိချက်များအရ အလျား(၂)မိုင်ခန့် တူးဖော်ပေးသင့်ကြောင်း တွေ့ရှိရပါသဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်ရုံးမှ အသေးစိတ် တိုင်းတာတွက်ချက်မှုများ ဆောင်ရွက်ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြတောင်းခံ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့နဲ့ ပေါင်းစပ်ညှိနှိုင်းပြီး လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့ လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အတည် ဖြစ်သည်။ (ဩဘာသံများ)

**ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)က အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။**　　။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်မရှိ အတည်ပြုရန် တင်ပြထားသည့်အပြင် ဥပဒေကြမ်းအား ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(က)အရ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်း က အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။**　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ ဥက္ကဋ္ဌ ဦးဇော်မင်း ဖြစ်ပါတယ်။ ကျွန်တော် ဒီ ဥပဒေကို ၃၀-၆-၂၀၁၇ ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၂၃)ရက်မြောက်နေ့မှာ ကျွန်တော် တင်သွင်းခဲ့တဲ့ ဥပဒေ ဖြစ်ပါတယ်။ ဒီနေ့ ဒီအချိန်မှာ ကျွန်တော်တို့ အမျိုးသားလွှတ်တော်က လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ပြီးဖြစ်တဲ့အတွက် ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်အနေနဲ့ အတည်ပြုပေးဖို့ ဥက္ကဋ္ဌကြီးကတစ်ဆင့် လေးစားစွာ အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။**　　။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။**　　။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်ရှင်။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌ ဦးဇော်မင်း က အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ်

ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုပေးပါရန် ဥက္ကဋ္ဌကြီးအား လေးစားစွာ ထောက်ခံတင်ပြအပ်ပါတယ်ရှင်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် ဖြစ်ပါတယ်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းသည် အတည်ဖြစ်သည်။ (သြဘာသံများ)

**ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ ယနေ့ မြန်မာနိုင်ငံရှိ မြို့ကြီးအတော်များများ၌ စီးပွားဖြစ်ဂိမ်း(Game) ဆိုင်များ ဖွင့်လှစ်လုပ်ကိုင်နေသူများ မြို့တော်စည်ပင်သာယာရေး ကော်မတီမှ လိုင်စင်ခံယူထားပြီး ကလေးအားကစားကွင်း (Amusement Center)ဟု သဏ္ဌာန်ဆောင် အမည်ပြု၍ ပြည်ပမှ တင်သွင်းလာသော စက်ကိရိယာများဖြင့် ခေတ်ပေါ်လောင်းကစားနည်းမျိုးစုံ ပါဝင်သော အကြွေစေ့သုံးလောင်းကစားအဆင့် ဂိမ်း(Game)ဆိုင်များ ဖွင့်လှစ်လာကြသည့်အတွက် လောင်းကစားလိုသူ ကျောင်းသား၊ လူငယ်လူရွယ်၊ လူလတ်မျိုးစုံတို့မှာ တဖြည်းဖြည်းချင်း အကျင့်စာရိတ္တပါ ထိခိုက်ပျက်ပြားလာနေသောကြောင့် မြို့များနေ မိဘပြည်သူတို့မှာ ရတက်မအေး စိုးရိမ်စိတ်များ ဖြစ်ပေါ်နေကြပါသည်။ ယင်းသို့ အကြွေစေ့သုံး လောင်းကစားဆိုင်များကို စိစစ်ဖော်ထုတ် ပိတ်သိမ်းအရေးယူခြင်းကို တစ်ပြေးညီ လုပ်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း က ယနေ့ မြန်မာနိုင်ငံရှိ မြို့ကြီးအတော်များများ၌ စီးပွားဖြစ်ဂိမ်း(Game)ဆိုင်များ ဖွင့်လှစ်လုပ်ကိုင်နေသူများ မြို့တော်စည်ပင်သာယာရေး ကော်မတီမှ လိုင်စင်ခံယူထားပြီး ကလေးအားကစားကွင်း (Amusement Center)ဟု သဏ္ဌာန်ဆောင် အမည်ပြု၍ ပြည်ပမှ တင်သွင်းလာသော စက်ကိရိယာများဖြင့် ခေတ်ပေါ် လောင်းကစားနည်းမျိုးစုံ ပါဝင်သော အကြွေစေ့သုံး လောင်းကစားအဆင့် ဂိမ်း(Game)ဆိုင်များ ဖွင့်လှစ်လာကြသည့်အတွက် လောင်းကစားလိုသူ ကျောင်းသား၊ လူငယ်လူရွယ်၊ လူလတ်မျိုးစုံတို့မှာ တဖြည်းဖြည်းချင်း အကျင့်စာရိတ္တပါ ထိခိုက်ပျက်ပြားလာနေသောကြောင့် မြို့များနေ မိဘပြည်သူတို့မှာ ရတက်မအေး စိုးရိမ်စိတ်များ ဖြစ်ပေါ်နေကြပါသည်။ ယင်းသို့ အကြွေစေ့သုံး လောင်းကစားဆိုင်များကို စိစစ်ဖော်ထုတ် ပိတ်သိမ်းအရေးယူခြင်းကို တစ်ပြေးညီ လုပ်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဦးအောင်သိန်း အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရတာဝန်ရှိသူများ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း ဖြစ်ပါတယ်။ ကျွန်တော်တင်သွင်းတဲ့ အဆိုကတော့ ယနေ့ မြန်မာနိုင်ငံမှာရှိတဲ့ မြို့ကြီးအတော်များများမှာ စီးပွားဖြစ် ဂိမ်း(Game) ဆိုင်များ ဖွင့်လှစ်လုပ်ကိုင်နေသူများဟာ မြို့တော်စည်ပင်သာယာရေးကော်မတီက လိုင်စင်ခံယူထားပြီး ကလေးကစားကွင်း(Amusement Center)ဟု သဏ္ဌာန်ဆောင် အမည်ပြုပြီးတော့ ပြည်ပမှတင်သွင်းလာတဲ့ စက်ကိရိယာများဖြင့် ခေတ်ပေါ်လောင်းကစားနည်းမျိုးစုံ ပါဝင်တဲ့ အကြွေစေ့သုံးလောင်းကစား

အဆင့် ဂိမ်း(Game)ဆိုင်များ ဖွင့်လှစ်လာကြတဲ့အတွက် လောင်းကစားလိုသူ ကျောင်းသား၊ လူငယ် လူရွယ်၊ လူလတ်မျိုးစုံတို့မှာ တဖြည်းဖြည်းချင်း အကျင့်စာရိတ္တပါ ထိခိုက်ပျက်ပြားလာနေတဲ့အတွက် ကြောင့် မြို့များနေ မိဘပြည်သူတို့က ရတက်မအေး စိုးရိမ်စိတ်များ ဖြစ်ပေါ်နေကြပါတယ်။ ယင်းသို့ အကြွေစေ့သုံး လောင်းကစားဆိုင်များကို စိစစ်ဖော်ထုတ် ပိတ်သိမ်းအရေးယူခြင်းကို တစ်ပြေးညီ လုပ်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုတင်သွင်းရတဲ့ အကြောင်းအရင်းကတော့ မြန်မာနိုင်ငံရှိ မြို့ကြီးများ လူစည်ကားရာ အချက်အချာကျတဲ့နေရာတွေမှာ ဂိမ်းဆိုင်ကြီး၊ ဆိုင်ငယ်များ ဖွင့်လှစ်ကြရာ အချို့ဈေးဝယ် Center တို့တွင်လည်း အပန်းဖြေ ကလေးကစားကွင်းများကို နေရာပေးတည်ထောင်ထားကြပါတယ်။ အဲဒီလို အပန်းဖြေ ကစားကွင်းများဟာ ငွေဖြင့်လဲလှယ်ရသော ကူပွန်အကြွေစေ့များနဲ့ အပျော်တမ်း ကစားနည်းဟု ဆိုထားသော်လည်း အကြွေစေ့သုံး ဂိမ်းစက်များဖြင့် ကစားကြရာမှာ လောင်းကစားဖက်ကို ဦးတည်သွားလျက်ရှိနေကြောင်း တွေ့ရှိရပါတယ်။ ကျောင်းသား၊ လူငယ်အချို့မှာ စာသင်ကျောင်းကို မသွားတော့ဘဲ လောင်းကစားဂိမ်းဆိုင်များမှာ အချိန်ဖြုန်းနေကြတဲ့အတွက် ကျောင်းတက်ရက် မမှန်၊ စာမေးပွဲကျ၊ လုပ်ငန်းပျက်၊ ဘဝပျက်သူများ ဖြစ်လာကြပြီး စီးပွားရေးထိခိုက်လာကာ ရဲစခန်းရောက်၊ တရားရုံးရောက်ကြတဲ့အဖြစ်ကို ကြုံတွေ့နေရတဲ့အတွက် အကြွေစေ့သုံး လောင်းကစားဂိမ်းဆိုင်များ ဖွင့်လှစ်လုပ်ကိုင်နေမှုတို့ကို ခွင့်မပြုဘဲ ပိတ်သိမ်းဖို့အတွက် အဆို တင်သွင်းရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါ။ Power Point ရဲ့ Slide များဟာ အဆိုပါ အကြွေစေ့သုံးလောင်းကစားတာရယ်၊ ငွေပုံကစားတာရယ် ပုံများဖြစ်ပါတယ်။ လောင်းကစားမှုဟာ နိုင်ငံတော်နဲ့ ပြည်သူတို့အပေါ် ကောင်းကျိုးမပြုပါဘူး။ လောင်းကစားခြင်းကြောင့် စည်းစိမ်ဥစ္စာများ ဆုတ်ယုတ်ပြီး အကျင့်စာရိတ္တပါ ပျက်ပြားလာစေနိုင်ပါတယ်။ လောင်းကစားခြင်းမှ စတင်ကာ ခိုးမှု၊ လုယက်မှု၊ လူသတ်မှုတို့ပါ ဆင့်ပွားတိုးတက်လာနိုင်တဲ့အတွက် နိုင်ငံတော်ရဲ့ လုံခြုံရေးနဲ့ငြိမ်ဝပ်ပိပြားရေး ကို အဓိက ထိခိုက်စေနိုင်ကြောင်း သိရှိရပါတယ်။ မြို့ပြနှင့်ကျေးရွာအနှံ့တို့မှာ သာရေး၊ နာရေးနဲ့ အားကစားပွဲများကို အကြောင်းပြုပြီး လောင်းကစားကြပါတယ်။ ကျေးရွာများမှာ ဖဲဝိုင်း၊ ကြက်ဝိုင်း၊ နွားပွဲနဲ့ ချဲကဲ့သို့ လောင်းကစားထီများရှိသလို မြို့ကြီးများတွင်လည်း ချဲ၊ ထီ၊ မာကျောက်အပြင် လောင်းကစားနည်းမျိုးစုံတို့ဖြင့်လည်း လုပ်ဆောင်လာကြတာကို တွေ့ရှိရပါတယ်။ ၁၉၈၆ ခုနှစ်၊ လောင်းကစားဥပဒေအရ လောင်းကစားပြုရာမှာ အသုံးပြုတဲ့ ဖဲ၊ အန်စာ၊ မာကျောက်၊ တုတ်ကင်း၊ ဒင်္ဂါး၊ ဇယ်ပြား၊ ကစားခုံကစားကွက်၊ ဇယားကားချပ်၊ သေတ္တာပုံစံလက်မှတ်၊ စာရင်းလောင်းကစားခြင်း တို့အတွက် ကြံစည်ပြုလုပ်ထားတဲ့ တိရစ္ဆာန်ရင်ထိုးဟု ဖော်ပြထားပါတယ်။ ဒါ့အပြင် အခြားဖမ်းဆီးဖို့ ခက်ခဲတဲ့ တစ်ဦးစ၊ နှစ်ဦးစ လောင်းကစားနည်းတွေဟာလည်း ဒုနဲ့ဒေး ရှိနေပါသေးတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ လောင်းကစားမှုအက်ဥပဒေကို ၁၈၉၉ ခုနှစ်၊ မြန်မာနိုင်ငံ တော် အက်ဥပဒေအမှတ်(၁) The Burma Gambling Act, 1899 ပြဋ္ဌာန်းပြီး နောက်ဆုံး ၁၉၆၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၆)ဖြင့် ပြောင်းလဲပြင်ဆင်တဲ့ ဥပဒေကို ပြဋ္ဌာန်းအတည်ပြုခဲ့ ကြောင်း တွေ့ရှိရပါတယ်။ ၂၀၁၃ ခုနှစ်၊ ဂိမ်းဆိုင်တွေက ကလေးများ စိတ်အပန်းဖြေစေရန်ထက်မက ကျော်လွန်လာကြပြီး လောင်းကစားသဘောမျိုးတွေပါ ပြုလုပ်လာခဲ့တာတွေ့ရပါတယ်။ ရှမ်းပြည်နယ်ရဲ့

မြို့တော် တောင်ကြီးမြို့ပေါ်မှာ အခကြေးငွေနဲ့ ကစားရတဲ့ ငါးမန်းဂိမ်းလို့ခေါ်တဲ့ ကစားနည်းတွေ အရေးယူစစ်ဆေးပေးဖို့ မိဘပြည်သူများနဲ့ ဒေသခံများက တောင်းဆိုလာတာ တွေ့ရှိရပါတယ်။ တချို့ အမျိုးသားတွေဟာ အိမ်ပေါင်ပြီး ငါးမန်းဂိမ်းကစားတာ သိန်း(၇၀၀)ကျော် ဆုံးရှုံးခဲ့ကြောင်း၊ တရားမဝင်တဲ့ လောင်းကစားဂိမ်းဆိုင်တွေဟာ တက္ကသိုလ်စာမေးပွဲ ဖြေဆိုခါနီးတောင် မပိတ်သိမ်းကြပါဘူး။ ကျောင်းဖွင့်ချိန်များမှာဆိုရင် ဒီ ငါးမန်းဂိမ်းဆိုင်တွေမှာ ကျောင်းသားများအချို့ ရောက်နေကြပါတယ်။ တောင်ကြီးမြို့ပေါ်မှာ ရပ်ကွက်(၂၂)ခုမှ ဖွင့်ထားတဲ့ လောင်းကစား ငါးမန်းဂိမ်းဆိုင်ပေါင်း (၂၀)ကျော် ရှိနေတယ်လို့တောင် သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမည်ခံ ကလေးကစားကွင်းအပန်းဖြေ စင်တာများမှာ အဆင့်မြင့် အကြွေစေ့ဂိမ်းစက်များ ပေါ်ပေါက်လာနေပါတယ်။ ခေတ်မီနည်းပညာတိုးတက်လာမှုကြောင့် အကြွေစေ့ဂိမ်းစက်များတွင် အကြွေစေ့များထည့်ရန်မလိုတော့ဘဲ မိမိကစားလိုတဲ့ ငွေပမာဏကို ဂဏန်းရိုက်ထည့်ပြီး ဆော့ကစားရာမှာ အနိုင် အရှုံးကို ဒီစက်တွေက တွက်ချက်ပေးနိုင်တဲ့အထိ ဖြစ်လာပါတယ်။ အကြွေစေ့ ဂိမ်းကစားနည်းများမှာ ဂဏန်းထိုးသော ကစားနည်းများ၊ နဂါးဂိမ်းကစားနည်းများ၊ ငါးမန်းဂိမ်း၊ သီးစုံနဲ့ အခြားသောကစားနည်းမျိုးပေါင်း(၂၀)ကျော်ရှိနေတယ်လို့ သိရပါတယ်။ အဲဒီထဲမှာ နဂါးဂိမ်း ကစားနည်းဟာ ငွေကျပ်(၁၀၀၀၀)ပေးသွင်းထားရင် မိမိကစားမယ့်စက်မှာ အမှတ်(၁၀၀)၊ အမှတ်(၁၀၀၀)ပါတဲ့ ဂဏန်းတစ်ခုရောက်လာပြီး တစ်ပွဲလျှင်(၄၀)ကျပ်မှ (၄၅၀)ကျပ်အထိ ကစားနိုင်တယ်လို့ ဆိုပါတယ်။ သက်ဆိုင်ရာတွေက သိလျက်နဲ့ ခွင့်ပြုထားသလို ဖြစ်နေပါတယ်။ ကလေးကစားကွင်းအမည်ခံ (Amusement Center) ဟု အမည်တပ်ထားတဲ့ နေရာတွေမှာ ကလေးတွေ မတွေ့ရဘဲ လူကြီးပိုင်း၊ လူလတ်ပိုင်း အများစုကိုသာ တွေ့မြင်ရပါတယ်။ တကယ်တော့ ကလေးကစားတာဟာ ဟန်ပြဖြစ်ပြီး လူကြီးတွေကပဲ အထဲမှာ လောင်းကစားနေကြခြင်း ဖြစ်ပါတယ်။ ဒီ ဂိမ်းဆိုင်များအတွက် လုပ်ငန်းလိုင်စင်လျှောက်ထားရာမှာလည်း မြို့နယ်မှတာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးပြီးနောက် ခရိုင်မှ ထပ်မံစစ်ဆေးပြီး YCDC စီမံရေးရာဌာနကို တင်ပြရကြောင်း၊ လုပ်ငန်းလိုင်စင်ပေးရန် စီမံဌာနကတစ်ဆင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ အစည်းအဝေးတွင် ခွင့်ပြုရန် သင့်/မသင့် ဆုံးဖြတ်ကာ တိုင်းဒေသကြီးအစိုးရထံ ထပ်မံတင်ပြ၍ အစိုးရရဲ့ ခွင့်ပြုချက်ဖြင့် ချထားပေးတဲ့လုပ်ငန်းများဖြစ်ကြောင်း သိရပါတယ်။ ဆိုင်အတွင်းမှာ ငွေကြေးလောင်းကစား ပါဝင်လို့ရှိရင် သက်ဆိုင်ရာ ရဲစခန်းနဲ့ တိုင်းရဲတပ်ဖွဲ့ရုံးကို တိုင်ကြားနိုင်တယ်လို့ဆိုပေမယ့် ဖမ်းဆီးခြင်း၊ တရားစွဲတင်ခြင်း အရေအတွက်ဟာ ဂိမ်းလောင်းကစားဆိုင်ဖွင့်ထားတဲ့ အရေအတွက်ကို မထိန်းချုပ်နိုင်သေးကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။

အဆိုပါဂိမ်းစက်များမှာ တရုတ်နိုင်ငံမှ ဝင်ရောက်လာတဲ့ ကာစီနိုလောင်းကစားစက်များဖြစ်ကြောင်း၊ ဂိမ်းစက်များကို ကွန်ပျူတာဆော့လ်ဝဲများဖြင့် ပြုပြင်ထားရာမှာ လောင်းကစားငွေပမာဏကိုကြည့်ပြီး စက်ကို အနိုင် အရှုံးအခွင့်အရေးများ ပြုပြင်ပြောင်းလဲနိုင်ကြောင်းလည်း သိရှိရပါတယ်။ ဂိမ်းဆိုင်ကြီးများတွင် လှပတဲ့မိန်းကလေးဝန်ထမ်းများ ခန့်ထားလျက် လာရောက်လောင်းကစားသူများကို အချိုရည်၊ ဘီယာ၊ စီးကရက်များနဲ့ အခမဲ့ ဝန်ဆောင်မှုပေးကာ ဆွဲဆောင်မှုများလည်းပြုနေကြောင်း သိရှိရပါတယ်။ အကြွေစေ့နဲ့ ဂိမ်းဆော့လောင်းကစားမှုမှာ အကြွေစေ့ကို ငွေနဲ့ ပြန်လဲပေးတာ

လောင်းကစားမှု အလိုလိုပြောက်ပါတယ်။ ဂိမ်းဆော့ကစားရာမှာ တရားဝင် လုပ်ခွင့်ပေးထားတာဟာ ကစားကွင်းလုပ်ငန်း လုပ်ခွင့်လိုင်စင်သာဖြစ်ပြီး လောင်းကစားလုပ်ခွင့်ပေးတာမဟုတ်လို့ လိုင်စင်ထုတ်ပေးတဲ့ရုံးနဲ့ ရဲတပ်ဖွဲ့အနေနဲ့ စုံစမ်းဖမ်းဆီးပိုင်ခွင့် ရှိပါတယ်။ နိုင်ငံတော်အနေနဲ့ လောင်းကစားမှု ပပျောက်ရေးလုပ်ဆောင်နိုင်မှုများ ရှိသော်လည်း အပန်းဖြေကစားကွင်းအချို့မှာ လောင်းကစားဆန်တဲ့ ကစားနည်းများ ဆောင်ရွက်မှုတို့ကို တရားဝင် လောင်းကစားသဖွယ် ခွင့်ပြုထားတာဟု အများပြည်သူ ထင်မြင်ယူဆနိုင်တဲ့အတွက်ကြောင့် မဖြစ်မနေ အရေးယူဆောင်ရွက်သင့်နေပြီဖြစ်ပါတယ်။ ကာစီနိုကဲ့သို့ လောင်းကစားလုပ်ငန်းများ ခွင့်ပြုရန်မသင့်ဟု ဆိုကြပါတယ်။ အလျော်အစားဟာ ဒစ်ဂျစ်တယ်စနစ်နဲ့ အလိုအလျောက်လုပ်နေတာကြောင့် မိမိငွေပမာဏ မကုန်မချင်း ထိုင်၍ ခလုပ်နှိပ်ပြီး ကစားရခြင်း ဖြစ်ပါတယ်။ အကယ်၍ အမှတ်အများက အနိုင်ရခဲ့လျှင် ကောင်တာကို ငွေကြေးသွားထုတ်ပြီး အကောက်(၅)ရာခိုင်နှုန်း ပေးရကြောင်းလည်း သိရှိရပါတယ်။

ဒါ့အပြင် ထိုင်း-မြန်မာ နယ်စပ်မြို့များဖြစ်တဲ့ မြဝတီ၊ ကော့သောင်း၊ တာချီလိတ်၊ တရုတ်-မြန်မာနယ်စပ်ဖြစ်တဲ့ ရွှေလီမြို့ပေါ်တွေမှာ လောင်းကစားဆိုင်များ၊ လိင်ဖျော်ဖြေရေးရုံများနဲ့ မူးယစ်ဆေးဝါးဝယ်သူများ၊ ဂိမ်းဆိုင်များအထိ ရောက်လာနေကြောင်း ကြားသိရပါတယ်။ လောင်းကစားပြုကြတဲ့ စက်တွေက အကြွေစေ့တွေကို အလိုက် လောင်းနိုင်ပါတယ်။ တချို့ကို ငွေတစ်သိန်းခွဲ၊ နှစ်သိန်းအထိ ရှုံးတဲ့သူတွေရှိသလို နိုင်တဲ့သူတွေလည်း ရှိပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုကဲ့သို့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ရဲတပ်ဖွဲ့က အရေးယူဖမ်းဆီးတဲ့ လောင်းကစားမှုများကို စာရင်းထုတ်ပြန်ပေးနိုင်ပေမယ့် စာရင်းမဝင် ထိန်ချန်ထားတဲ့ လောင်းကစားဆိုင်တွေဟာ တစ်နေ့တခြား တိုးပွားလာနေတယ်။ ဒါကြောင့် ဥပဒေက မည်သို့ပင် အခိုင်အမာ ပြဋ္ဌာန်းထားစေကာမူ ထိန်းကျောင်းရမယ့် ပြည်သူ့ဝန်ထမ်းတွေရဲ့ လွဲချော်နေမှုတို့ကို ကြပ်မတ်ပြီး လောင်းကစားဂိမ်းဆိုင်များကို အရေးယူ ပိတ်သိမ်းနိုင်ရန်အတွက် အထူးလိုအပ်လျက်ရှိတာကြောင့် အထက်ပါအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)


Game ဆိုင်များ မြင်ကွင်းပုံ (ရ)



လောင်းကစားဝိုင်းများ မြင်ကွင်းပုံ (ရ-၁)




လောင်းကစားဝိုင်းများ မြင်ကွင်းပုံ (ရ-၂)



**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု လောင်းကစားမှုနဲ့ ပတ်သက်တဲ့ အဆိုတင်သွင်းသွားတဲ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း ရဲ့ အဆိုကို ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးသိန်းလွင် က လေးလေးနက်နက် ထောက်ခံပါတယ်။

ကျွန်တော်တို့လို မဖွံ့ဖြိုးသေးတဲ့ မြန်မာနိုင်ငံမှာ လောင်းကစားခြင်းကို ဥပဒေအရ တားမြစ်ပေမယ့်၊ ဖမ်းဆီးအရေးယူ အပြစ်ပေးနေပေမယ့် လောင်းကစားမှုဟာ လျော့နည်းကျဆင်းသွားခြင်း မရှိသေးပါဘူး။ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ထုတ်ပြန်ထားတဲ့ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအတွင်း နိုင်ငံတစ်ဝန်းမှာ လောင်းကစားမှုပေါင်း(၂၃၇)မှု ဖမ်းဆီးမိခဲ့ပြီး တရားခံ(၅၉၀)ဦး အရေးယူခဲ့ကြောင်း ယင်းနှစ် ရန်ကုန်တိုင်းဒေသကြီးမှာ လောင်းကစားမှု(၆၈)မှုဖြင့် အများဆုံး ဖမ်းဆီးနိုင်ခဲ့ပြီး၊ ဒုတိယအများဆုံးကတော့ ဧရာဝတီတိုင်းဒေသကြီး လောင်းကစားမှု(၂၉)မှုရှိကြောင်း ကြားသိရပါသည်။ ဖမ်းဆီးရမိခဲ့သော လောင်းကစားမှုများမှာ နှစ်လုံးထီ(၉၆)မှု၊ ချဲထီ(၃၅)မှု၊ ဖဲ(၅၂)မှု၊ ဂျင်(၁)မှုနှင့် အခြား(၅၃)မှု၊ စုစုပေါင်း(၂၃၇)မှု ဖြစ်ကြောင်းလည်း သိရှိရပါတယ်။

ဒါ့အပြင် လိုင်းကြေးပေးပြီး လောင်းကစားလုပ်ကိုင်နေသူတွေရဲ့စာရင်း မပါဝင်သေးပါဘူး။ ဒါကြောင့် လောင်းကစားမှု လျော့နည်းလာအောင်၊ ပပျောက်သွားအောင်အထိ တာဝန်ရှိသူ ဌာနဆိုင်ရာ အဖွဲ့အစည်းများက အဂတိတရား ကင်းစင်စွာဖြင့် အများပြည်သူအကျိုးကို ရှေးရှုပြီး လိုင်စင်ယူထားသူ ခေတ်ပေါ်လောင်းကစား ဂိမ်းဆိုင်များကို ပြန်လည်စိစစ်၍ ပိတ်သိမ်းသွားသည်အထိ အရေးယူဆောင်ရွက်သင့်ပါကြောင်း ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးအောင်သိန်း တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ယနေ့ မြန်မာနိုင်ငံရှိ မြို့ကြီးအတော်များများ၌ စီးပွားဖြစ်ဂိမ်း(Game)ဆိုင်များ ဖွင့်လှစ်လုပ်ကိုင်နေသူများ မြို့တော်စည်ပင်သာယာရေးကော်မတီမှ လိုင်စင်ခံယူထားပြီး ကလေးအားကစားကွင်း (Amusement Center) ဟု သဏ္ဌာန်ဆောင်အမည်ပြု၍ ပြည်ပမှ တင်သွင်းလာသော စက်ကိရိယာများဖြင့် ခေတ်ပေါ် လောင်းကစားနည်းမျိုးစုံ ပါဝင်သော အကြွေစေ့သုံး လောင်းကစားအဆင့် ဂိမ်း (Game) ဆိုင်များ ဖွင့်လှစ်လာကြသည့်အတွက် လောင်းကစားလိုသူ ကျောင်းသား၊ လူငယ်လူရွယ်၊ လူလတ်မျိုးစုံတို့မှာ တဖြည်းဖြည်းချင်း အကျင့်စာရိတ္တပါ ထိခိုက်ပျက်ပြားလာနေသောကြောင့် မြို့များနေ မိဘပြည်သူတို့မှာ ရတက်မအေး စိုးရိမ်စိတ်များ ဖြစ်ပေါ်နေကြပါတယ်။ ယင်းသို့ အကြွေစေ့သုံး လောင်းကစားဆိုင်များ

ကို စိစစ်ဖော်ထုတ် ပိတ်သိမ်းအရေးယူခြင်းကို တစ်ပြေးညီ လုပ်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မရှိတဲ့အတွက် ဦးအောင်သိန်း၏ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၇)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(၂၇ )ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်(တနင်္လာနေ့) ၁၃း၃၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ၁၀း၅၄ နာရီအချိန်တွင် ရပ်နားပါသည်။]